ဘေးအန္တရာယ်ကြီးတင်ပြင်ဆင်ရေး
ရေလွှမ်းမိုးခြင်း

www.myanmarredcrosssociety.org
အသက်ပေါင်းများစွာကယ်တင်ဖို့၊အတွေးအခေါ်များပြောင်းကြစို့။


တစ်ခုသော မိုးရွာသောနေ့၏နေ့လည်ခင်း
မိုးကလဲ နေ့တိုင်းလိုရွာနေတာ ပဲကွာ.. ပျင်းစရာကောင်းလိုက်တာ..
အိုး..အခုနေ မိုးတိတ်သွားရင်တော့ ကောင်းမှာဘဲ... ဒါမှ ငါတို့ အပြင်ထွက်ကစားလို့ရမှာ...
...မိုးလေဝသကြေငြာချက်အရ.. ရေလွှမ်းမိုး နိုင်ကြောင်း သိရတဲ့အတွက်... ကြိုတင်ပြင်ဆင် ထားကြပါရန်... အသိပေးနှိုးဆော်အပ်ပါတယ်
ဟေ..... ရေတွေတက်လာတော့မယ်တဲ့ဟေ့.. ငါတို့ အပြင်ထွက်ပြီး ရေထဲမှာဆော့လို့ရတော့မယ်..
ရေစီးက သိပ်သန်တာကြောင့် ကားတွေ... သစ်ပင်တွေ မျောပါနိုင်ပြီး.. ခါတ်ကြီးပြတ်တာတို့.. အဆောက်အဦးတွေ ပြိုပျက်တာတို့ ဖြစ်နိုင်ပြီး... လူတွေလဲ ထိခိုက်ဒဏ်ရာရတာတွေ.. သေဆုံးတာတွေ ဖြစ်တတ်တယ်..
ရေကြီးတာက အွန်ရာယ်သိပ်များတယ်နော် ထွန်းထွန်း... ဒီလိုအချိန်မှာ အပြင်ထွက်ပြီး ရေကူးတာတို့... ရေထဲမှာ ဆော့တာတို့ လုံးဝမလုပ်သင့်ဘူးနော်...
အိုး...ဒါဆိုရင် ..... ငါတို့ဘာလုပ်သင့်သလဲ.. ဟင်.. ပပ...
အိမ်ထဲကို ရောင်နိုင်တဲ့ အပေါက်တွေကို တတ်နိုင်သလောက် အကာအကွယ်တွေလုပ်ပြီး ရေမဝင်နိုင်အောင် လုပ်ရမယ်
ဒါသိပ်ကောင်းတဲ့အကြံဘဲ ပပ....
ရေကြီးတာ သိပ်ပြီးဆိုးလာရင်.. ငါတို့ရေထဲမှာ ကူးနိုင်အောင်.. ရေပေါ်ပေါ်နိုင်တဲ့ ပစ္စည်းတွေလဲ ရှာထားကြရအောင် ဟေ့...
ငါအကြံရပီ .... ပလပ်စတစ်ပုံး၊ ရေမြှုပ်မွေ့ယာ၊ လေမွေ့ယာ တစ်ခုခုကို ဒို့သုံးလို့ရတယ်.....
သောက်ရေအတွက် .. ရေပုလင်းတွေကိုလဲ ရေဖြည့်ထားကြမယ်
ထွန်းထွန်းရေ...အစားအစာတွေကိုလဲ အသင့်ထုပ်ပိုး ထားဖို့နဲ့.. အရေးကြီးစာရွက်စာတမ်းတွေကိုလဲ ရေလုံအိပ် မှာထည့်တာကို နင်လုပ်ပေးနိုင် မလားဟင်....
ပြီးရင် ဒါတွေကို ငါတို့ ခပ်မြင့်မြင့်နေရာမှာ ထားကြရမယ်...
ရေချိုး၊ အဝတ်လျှော်၊ ဆေးကြောဖို့အတွက်လဲ ရေပုံးတို့၊ ရေစည်တို့ကို ရေဖြည့်ထားကြမယ်လေ....
ရတယ်လေ...


တကယ်လို့ ရေကထပ်ပြီး တက်လာရင် ငါတို့ ဘေးကင်းတဲ့နေရာကို ပြောင်းရမယ်နော်
ဟာ...ဘာဖြစ်လို့လဲ..ပမရဲ့၊ ရေကဖြင့် လေးလက်မ လောက်ဘဲရှိတာကို.. သိပ်ရေမနက်သေးပါဘူး ..ဟ..
ရေကြီးတဲ့အချိန်မှာ ရေက ခြောက်လက်မ လောက်ဘဲရှိပေမယ့်...လူတစ်ယောက်ကို လဲကျစေနိုင်တယ်တဲ့....
အိုး....
တကယ်လို့ ရေက ဒီအမှတ်အသားထက် ကျော်လာရင် ငါတို့ ဒီကနေထွက်ပြီး အမြင့် တစ်နေရာရာကို ပြောင်းရွှေ့ရလိမ့်မယ်..။
ကောင်းတဲ့ အစီအစဉ်ဘဲ ပပ.... တို့ဘယ်မှာပြောင်းနေမှာလဲ...
တစ်ဆင့်ပြီးတစ်ဆင့် တက်ကြမယ်လေ၊ ခေါင်မိုးပေါ်အထိပေါ့....
ခဏကြာသော်...
မိုးလေဝသဗျာနရဲ့ ခန့်မှန်းချက်အရ.. ရေကြီးမှုပိုမိုမြင့်တက်လာနိုင်ကြောင်း သိရပါတယ် ကြိုတင်ဆောင် ရွက် ရမဲ့အစီအစဉ်များအတိုင်း ချက်ချင်းဆောင်ရွက် ကြပါ..
ခေါင်မိုးပေါ်တက်လေ.....
ဒါဆို ....ငါတို့အစားအစာတွေရော၊ လေမွှေယာကိုပါ တစ်ပါတည်း သယ်သွားကြရအောင်...
ဟီး... စိတ်လှုပ်ရှားဖို့ကောင်းလိုက်တာ...
သီပြီ လား..ရေမကြီးတာပဲ ကောင်းတာလေ...
နှစ်ရက် သုံးရက် ခန့်ကြာပြီးနောက်...
ရေများကျဆင်းပြီးဘေး အန္တရာယ်ကင်းရှင်းသွားပြီ ဖြစ်၍ နေအိမ်များသို့ ပြန်နိုင်ကြပါပြီ
ဟေး.... ရေလွှမ်းမိုးမှုကြီး ပြီးသွားပြီ....
ဒါပေမယ့်... အနည်းဆုံးတော့ ငါတို့အတွက် လုံခြုံစိတ်ချရပြီလေ...
ဟုတ်တယ်... ဒါတွေအားလုံးအတွက် ငါနင့်ကိုကျေးဇူးအရမ်းတင်တယ် ထွေးထွေး.ပပ... ဒီလိုရေကြီးလာရင် ဘာလုပ်ဖို့လိုအပ်သလဲဆိုတာ နင်တော်တော်သိတာဘဲ...
မပြီးသေးဘူး ထွန်းထွန်း.. ဒီအိမ်ကို သန့်ရှင်းရေး လုပ်ဖို့ နဲ့ ခြောက်သွေ့သွား အောင်ပြန် လုပ်ဖို့က တစ်ပတ်ကျော်ကျော် အချိန်ပေးရဦးမယ်...

အောက်ပါအချက်များသည် ရေဘေးကြုံတွေ့ရပါက ဆောင်ရွက်ရန် လုပ်ငန်းများဖြစ်သည်။ယင်းတို့ကိုသေချာစွာလေ့လာထားလျှင် သင်နှင့် သင့်မိသားစုများအတွက်စနစ်ကျသောနည်းလမ်းအသွယ်သွယ်ကို လုပ် ဆောင်နိုင်မည်ဖြစ်ပါသည်။

- ရေလွှမ်းမိုးမှုဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက သင်၏ မိသားစုများကို မည်သည့်နေရာသို့ တိမ်းရှောင်ရမည်ကို အသိပေးထားပါ။
- မိမိဒေသတွင် ရေဘေးအတွက် ကြိုတင်ပြင်ဆင်မှုများ နှင့် ကျရောက်လာနိုင်သည့်အန္တရာယ်များကို မှန်းဆဖော်ထုတ်ခြင်းလုပ်ငန်းများနှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေကို ဖော်ပြသည့်မြေပုံများရေးဆွဲသည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်း
- အရေးကြီးသောစာရွက်စာတမ်းများ၊ တန်ဖိုးကြီးပစ္စည်းများ နှင့် ဓါတုပစ္စည်းများကို ရေလုံသည့် အိတ်များထဲတွင်သိမ်းဆည်းထားပြီး ရေမရောက်ရှိနိုင်သည့် အမြင့်တစ်နေရာတွင် သိမ်းဆည်းထားပါ။
- မိမိတို့နေထိုင်သည့်နေရာသို့ ရေမဝင်လာနိုင်အောင် ကာကွယ်ရန်အတွက် သဲအိတ်များ၊ ပလပ်စတစ်စများ ပြင်ဆင်ထားပါ။
- သောက်ရေ နှင့် သုံးရေများကို ပုလင်းများ နှင့် ရေစည်များထဲတွင် သိမ်းဆည်းသိုလှောင်ထားပါ။
- လျှပ်စစ်မီး၊ ဂက်(စ်) နှင့် ရေပိုက်ခေါင်းများ ပိတ်ထားပါ။
- လိုအပ်ပါကခေါင်မိုးပေါ်သို့ တက်ရောက် တိမ်းရှောင်နိုင်ရန်အတွက် လှေကားများ ကြိုးများ ပြင်ဆင်ထားပါ။
- အရှိန်ပြင်းသောရေစီးကြောင်းများ၊ ရေလွှမ်းမိုးနေ သော လမ်းများ နှင့် တံတားများကို ဖြတ်ကူးရန် လုံးဝမကြိုးစားပါနှင့်။
- ရေလွှမ်းနေသည့်ရေ များ တွင် ရေကူးခြင်း၊ ဆော့ကစားခြင်း နှင့် ထိုရေများကို သောက်သုံးခြင်းလုံးဝ မပြုလုပ် ပါနှင့်။
- အဆိပ်ရှိသော မြွေနှင့် အခြားသတ္တဝါများကို သတိထားပါ။

www.redcross.org/prepare/disaster/flood
တွင် လေ့လာနိုင်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရာဇသင်္ဘာလမ်းမကြီး၊ ဒဂွီဏာသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း/ဖက်စ် - ၀၆၇ - ၄၁၉၀၄၀

www.myanmarredcrosssociety.org

၏အကူအညီဖြင့်ဆောင်ရွက်သည်။

International Federation of Red Cross and Red Crescent Societies

香港紅十字會 HONG KONG RED CROSS

Norwegian **Red Cross**

လူသားချင်းစာနာထောက်ထားမှု
အကူအညီပေးရေးနှင့် ကယ်ဆယ်ရေး